**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၁)**

၁၃၅၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

(၁၉၉၁ ခုနှစ်၊ဇူလိုင်လ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းသည့် ၁၉၈၉ခုနှစ်၊ မေလ ၃၁ ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ တွင် အောက်ပါတို့ကို ပုဒ်မခွဲ (ည) နှင့် (ဋ) အဖြစ် ဖြည့်စွက်ရမည်-

(ည) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ကြေညာသော ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ဋ) ပုဒ်မခွဲ (ည) အရ သတ်မှတ်ကြေညာချက်တွင် ပါဝင်ခြင်းမရှိသော ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှား စီရင်ခံရလျှင် ယင်းပြစ်မှုသည် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှု သို့မဟုတ် အကျင့်စာရိတ္တ ပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြစ်ကြောင်းနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း။

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် အောက်ပါတို့ကို ပုဒ်မ ၁၀-က၊ ၁၀-ခ၊ ၁၀-ဂ နှင့် ၁၀-ဃ အဖြစ် ဖြည့်စွက်ရမည်-

၁၀-က။ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခံရသူသည် နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စား လှယ်လောင်းအဖြစ်ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

၁၀-ခ။ ပုဒ်မ ၁၀-က ပါပြစ်မှုများမှအပအခြား ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်ကကြေညာခံရသူ သည် ကြေညာသည့်နေ့မှ ၁၀ နှစ်အတွင်းပြုလုပ်သည့် ရွေးကောက် ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

၁၀-ဂ။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲ ခုံအဖွဲ့က ဆုံးဖြတ်၍ အစိုးရအဖွဲ့က အမိန့်ထုတ်ပြန်ကြေညာခြင်း ခံရသူသည်လည်းကောင်း၊ သတ်မှတ် ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း ကြေညာသည့်နေ့မှ ၁၀ နှစ်အတွင်းပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ်ပါဝင် ယှဉ်ပြိုင်ခွင့်မရှိစေရ။

၈၀-ဃ။ ဤဥပဒေအရဖြစ်စေ ၊ ဤဥပဒေအရပြုလုပ်သော နည်းဥပဒေများအရ ဖြစ်စေ အရည်အချင်း ပျက်ယွင်းသူဖြစ်ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသည့် ရှုံးနိမ့်လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် ကြေညာသည့်နေ့မှ ၅နှစ်အတွင်း ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။